သူငယ်ချင်းရေ,
ဒီမနက် ဘုရားဆွမ်းကိစ္စ ပြုလုပ်နေတုံး ကျေးဇူးတော်ရှင် ဆရာတော် ဦးသုနန္ဒ ရဲ့တရားအဆုံး အမ တချို့ခေါင်းထဲရောက်လာတယ်။ မှတ်သား လိုက်နာဖို့ကောင်းလို့ မျှဝေပါရစေ။
(ကိုယ်လဲ အရင်တုံးက လုပ်ခဲ့ဖူးပါတယ်။)
ဆရာတော် က မေးတယ်။ ဘုရား ဆွမ်းကပ်ရင် ဘယ်လိုကပ်လဲ? တဲ့။ ကိုယ်စားရင်ရော ဘယ်လိုစားလဲ? တဲ့။ များသောအားဖြင့် လူတွေက ဆွမ်းကပ်ရင် ပုဂံ သေးသေးလေး မှာထမင်း ထည့် ပြီး သကြား နဲ့ဖြစ်ဖြစ်၊ ပေါက်ပေါက် နဲ့ဖြစ်ဖြစ်၊ မုန့် လေးနည်းနည်း နဲ့ဖြစ်ဖြစ် ကပ် ကြတယ်။ အဲ ကိုယ်စားတဲ့ အခါကျတော့ ကြက်သားဟင်းတို့၊ ဝက်သားဟင်းတို့၊ လို ဟင်းကောင်းတွေနဲ့ စားကြတယ်။ တပန်းကန် မဝရင် နောက်ထပ် ထပ်ထည့် ပြီးစားကြတယ်။ တရားသလား မတရားသလား ကိုယ်ဟာ ကိုယ်ဘဲ စဉ်းစားကြည့်ပေတော့။ ကိုယ်ချင်းစာစိတ် ထားကြည့်ရင် လူလူချင်းတောင် ဒီလိုလုပ်ဖို့ မကောင်းပါဘူး။ ခု လုပ်နေတာက အနန္တ ကျေးဇူးတော်ရှင် ဘုရား ကို။ ပြီးတော့ တောင်းလိုက်တဲ့ ဆုတွေက ဘုရားတောင် နားညီးတယ်။ ဒီလို စေတနာမျိုးနဲ့ ဘယ်လိုလုပ်ပြီး အကျိုးပေးကောင်းမှာလဲ။ ပြီးတော့ သစ်သီး ကပ်ရင်လဲ အလုံးလိုက်၊ အဖီးလိုက်၊ မုန့်ဆိုလဲအထုပ်လိုက်၊ စည်သွပ် ဗူးတွေကပါလိုက်သေး။ ဘုရား ကသူ့ဟာသူ ခွါစား ပေါ့လေ? ကောင်းလိုက်တဲ့ စေတနာတွေ။ တချို့ဆိုဘုရားကပ်တော့၊ ခပ် စိမ်းစိမ်း ကပ်ပြီး၊ မှည့်လဲမှည့် ရော ကိုယ်စားဖို့ စွန့်လိုက်ရော။ အဲဒါဘုရားကပ် တာမဟုတ်ဘူး၊ ဘုရားစင်မှာ ကိုယ်စားဖို့ အမှည့် သွားခံတာ။ ဘုရားကို မထီမဲ့မြင်လုပ်တာ၊ မခန့် လေးစားလုပ်တာ။
ပြီးတော့ ဗေဒင်ဆရာ က ယတြာ ချေခိုင်းလို့ ဆိုပြီး နွေခေါင်ခေါင် ဘုရားသွားပြီး ဖယောင်းတိုင် နဲ့မီးတိုက်လိုတိုက်၊ ဆောင်းတွင်းကြီးမှာ အသက်(၆၀) အရွယ်ကြီးက ဘုရားကို ခေါင်းကနေ သက်စေ့ ရေ လောင်းလိုလောင်း၊ မိမိ ကောင်းဖို့အတွက် လုပ်သင့်မသင့် မစဉ်းစားဘဲဘုရားကို အသုံးချနေကြတယ်။ ကုသိုလ်ခါတ် ထုတ်ဖို့ တခြားနည်းလမ်းတွေ အများကြီးရှိရက် နဲ့ အဝိဇ္ဇာ အမှောင်ဖုံးပြီး မလုပ်သင့်တာကို လုပ်နေကြတယ်။

တကယ်တော့ တို့ ဘုရားရှင်ဟာ သက်ရှိ ထင်ရှားဘုရားပါ။ ဘုရားရှင် ပရိနိဗ္ဗာန် စံဝင် သွားခဲ့ပေမဲ့ ဓါတ်တော်၊ မွေတော် တွေ အမြောက်အများ ချန်ရစ်ထားခဲ့တာပါ။ ဒီ ဓါတ်တော်၊ မွေတော်တွေဟာ လိုင်းဓါတ် အနေနဲ့ လေထဲမှာ၊ စကြာဝဠာ ထဲမှာ ပျံ့နှံ့ နေပါတယ်။ ကြည်ညို ရင် ကြွလာတယ်၊ မ ကြည်ညို ရင် ပြန် ကြွ သွားတယ်။

တကယ်ဖြစ်သင့်တာက ဘုရားကပ်မယ် ဆိုရင် ကိုယ်စားတဲ့အတိုင်း၊ ကိုယ်စားမဲ့ထဲက ယူပြီး အရွယ်တော် ပန်းကန် ထဲထည့်ပြီး ကပ်သင့်ပါတယ်။ ကိုယ် ဒီနေ့ ကြက်သားဟင်းချက်ရင်၊ ကြက်သားဟင်း နဲ့ကပ်၊ အရွက်ကြော် ရင် အရွက်ကြော် နဲ့ ကပ်ပေါ့။ တကူးတက ဘာမှလုပ်စရာမလိုပါဘူး။ သစ်သီး ကပ်ရင်လဲ လှီးပြီး၊ နွာပြီး ကပ်၊ ဖျော်ရည် ဆိုလဲ ခွက် ထဲထည့် ကပ်

ပေါ့။ ဘုရား ပန်းကပ်မယ် ဆိုလဲဒီအတိုင်းပါပဲ။ အရင်ကလို ပန်းဆိုင်ထဲက ဈေးချိုတဲ့ပန်း တွေ ရွေးမဝယ်ဘဲ တကယ် ကိုယ်နှစ်သက်တဲ့၊ အဆင်း၊ အနံ့ ရှိတဲ့ ပန်းမျိုးဝယ်ပီးကပ်ပေါ့။ မြတ်စွာ ဘုရား ကို ကိုယ်နှစ်သက် တဲ့ပန်းရနံ့ နဲ့ပူဇော် တယ်လို့ သဘောထားရမယ်။

သက်တော် ထင်ရှား မြတ်စွာ ဘုရား၊ ဤရုပ်၊ ဤနေရာ၊ ဤနေအိမ် သို့ အပူဇော် ခံရန် ကြွ မြန်းတော်မူပါ ဘုရား။
ဘုန်းတော် အနန္တ၊ ဂုဏ်တော် အနန္တ၊ ဉာဏ်တော် အနန္တ၊ တန်းခိုးတော် အနန္တ၊ တို့ နှင့်ပြည့် စုံတော်မူသော မြတ်စွာ ဘုရား၊ အား ဘုရားတပည့်တော် သည် ဤဆွမ်း၊ ခဲဘွယ် ရသာ တို့ ကို ဒေမ ပူဇေမ ဆပ်ကပ် လှူဒါန်း ပါ၏။ ဤသင်းပျံ့မွှေးကြိုင်သော ပန်း ရနံ့ တို့ဖြင့် လဲပူဇော်ပါ၏ ။ ဣဒံမေ ပုညံ၊ အာသဝက္ခယံ၊ ဝဟံ ဟောတု။ ဣဒံမေ ပုညံ၊ နိဗ္ဗာန် နသ၊ ပစ္စယော ဟောတု။ သာဓု၊ သာဓု၊ သာဓု။

ဘာဘဲလုပ်လုပ် ကိုယ်ချင်းစာစိတ် ထားပီးလုပ်ဖို့ မမေ့ပါနဲ့။ ကိုယ့် ကိုဒီလိုလုပ်ရင် ကြိုက် မလား ဆိုတာ ကိုယ့် ကို ကိုယ် ပြန်မေးဖို့ မမေ့ ပါနဲ့။

သူငယ်ချင်းရေ....မြတ်စွာဘုရားရှင် ဟာ အနန္တ ကျေးဇူးရှင် ကြီးပါ။ မဟာ ဂရုဏာရှင်ပါ။ တကယ့် အာဇာနည် ယောကျာ်းကောင်းပါ။ မြတ်စွာဘုရားရှင် ရဲ့ မေတ္တာ၊ ဂရုဏာ ကို အပိုင်း (၅)ပိုင်းခွဲပီး ကြည့်နိုင်ပါတယ်။
(၁) သုမေဓါ ရှင်ရသေ့ဘဝ မှာဝေနေယျ တွေအပေါ် ထားတဲ့ မေတ္တာ၊ ဂရုဏာ။
(၂) ၄၅ ဝါကာလပတ်လုံး မနားမနေ သစ္စာတရားကို ဟောပြောပြသပေးတဲ့ မေတ္တာ၊ ဂရုဏာ။
(၃) တခြားဘုရားရှင်တွေလို ပရိနိဗ္ဗာန် စံတာနဲ့ သာသနာကိုသိမ်းမသွားဘဲ နှစ် ၅၀၀၀ ထား ခဲ့တဲ့ မေတ္တာ၊ ဂရုဏာ။
(၄) ဓါတ်တော်တွေကို အစိတ်စိတ် အမွှာမွှာ ဖြစ်အောင် ထူးထူးခြားခြား အဓိဋ္ဌါန် တော်မူ ခဲ့တဲ့ မေတ္တာ၊ ဂရုဏာ။
(၅) ပရိနိဗ္ဗာန် စံခံနီးမှာတောင် အရေးတကြီး စကားကိုမှာကြားတော်မူခဲ့တဲ့ မေတ္တာ၊ ဂရုဏာ။
တို့ဘဲဖြစ်တယ်။

ဘုရားရှင် ဟာ သုမေဓါ ရှင်ရသေ့ဘဝ တုန်းက အဘိဉာဏ် (၆) ပါး ရပီးသား အာဇာနည် ယောကျာ်းတယောက်ပါ။ ဒီပင်္ကရာ မြတ်စွာဘုရား ကိုလဲဖူးတွေ့ရပီဖြစ်လို့ လေးမင်္ဂ၊ လေးဖိုလ် ကိုအရယူပီး နိဗ္ဗာန် ကိုချက်ချင်းကူးသွားနိုင်စွမ်းရှိပါတယ်။ ဒါပေမဲ့ ဝေနေယျ၊ သတ္တဝါ တွေကို လဲ မိမိလိုဘဲ ဥဒံ့ဝဋ်ဆင်းရဲ ထဲက လွတ်မြောက်စေရမယ်၊ သစ္စာလေးပါး သိစေရမယ်၊ ဆို တဲ့ မေတ္တာ၊ စေတနာ နဲ့ အပါယ်လေးပါး အကျခံပီး လေးအသင်္ချေ နဲ့ ကမ္ဘာတသိန်း ပါရမီဖြည့် ခဲ့ရပါတယ်။ အလွန်ကြီးမားတဲ့ မေတ္တာ၊ စေတနာ ပါ။

ဘုရားဖြစ်ပြီးနောက် ရသမျှအချိန် (၄၅)ဝါ ကာလ ပတ်လုံး မဂ်၊ဖိုလ် ရကြောင်း သစ္စာ တရားများကို မနေမနား ဟောကြားပြသ သွားခဲ့ပါတယ်။ ဘုရားရှင် ဟာ နံနက် လေးနာရီလောက်ရှိတာနဲ့ မဟာဂရုဏာသမာပတ် ဝင်စားပြီး စကြာဝဠာ တိုက်တသောင်းက ကျွတ်ထိုက်တဲ့ ဝေနေယျ သတ္တဝါတွေကို ရှာဖွေ ကြည့်ရှုတော်မူပါတယ်။ ကျွတ်ထိုက်တဲ့သူ တွေ့ရင်ဘယ်လောက်ဝေးဝေး သွားပြီးချေချွတ်တော်မူပါတယ်။ အဝေးမှာရှိတဲ့ သတ္တဝါ တွေကို ချေချွတ်ပြီးတာနဲ့မိုးလင်းသွားပါတယ်။ မိုးလင်းတာနဲ့ သံဃာများ ခြံရံပြီး ဆွမ်းခံထွက်ပါတယ်။ ဆွမ်းခံရင်းနဲ့လဲ ကျွတ်ထိုက်တဲ့သူ တွေ့ရင် တရားဟောပြီးချေချွတ်တော်မူပါတယ်။ တိတ္ထိဆရာကြီး တွေရဲ့ တပည့်ဖြစ်ခဲ့ဖူးတဲ့ သုရမ္ဗတ္ထ ကို သောတာပန် တည်အောင်၊ ဗာဟိယဒါရုစိရိယ ကို ရဟန္တာ ဖြစ်အောင် ချေချွတ် ခဲ့တာ ဆွမ်းခံကြွရင်းပဲဖြစ်ပါတယ်။ ဆွမ်းခံကပြန်ရောက်လို့ ခြေဆေးနေတဲ့အချိန်မှာ ဒုလ္လဘ တရား(၅)ပါး ကိုဟောကြား လိုက်သေးတယ်။ ဆွမ်းစားအပြီး (၁၂)နာရီထိုးလောက်ဆို ရဟန်းအပါး (၅၀၀)ကျော်တို့က ကမ္မဋ္ဌာန်းတရား နဲ့ပတ်သက်ပြီး ပုစ္ဆာတွေ မေးကြ၊ ကမ္မဋ္ဌာန်း တရား တောင်းကြပါတယ်။ ဒါနဲ့ ည(၇)နာရီ လောက် ရောက်သွားပါတယ်။ ဒီအချိန်မှာ ဒကာ၊ဒကာမ တွေ ကျောင်းထဲမှာပြည့်လျှံအောင်ရောက်နေပီဖြစ်တဲ့အတွက် အနားယူချိန် မရဘဲ မဂ်၊ဖိုလ် ရကြောင်း တရားများဆက်ပြီးဟောကြားရပါတယ်။ လူပရိသတ်တွေကို တရားဟော ပြီးတဲ့ အချိန်မှာ ည(၁၁)နာရီလောက်ရှိပြီ။ ပလ္လင်ပေါ်ကဆင်းပြီး ကျိန်းစက်ရာ ဂန္ဓကုဋီ တိုက်ထဲရောက်တော့ သိကြားမင်း နဲ့ နတ် ပရိသတ်က တရားနာဖို့စောင့်နေလို့ တရားဟောရပြန်ပါတယ်။ ဒါပြီးတော့ ည(၁)ချက်ခွဲလောက်ရှိပါပီ။ ဒီချိန်မှာ ဗြဟ္မာ တွေတရားနာဖို့ လာပြန်ပါတယ်။ ဗြဟ္မာ တွေကို တရားဟောပြီးတော့ မနက်(၃)နာရီ ထိုးခါနီးပါပြီ။ ဒီအချိန်ကျမှ ဘုရားရှင် ဟာ (၁)နာရီ နဲ့ မိနစ်(၂၀) လောက်ဘဲ ကျိန်းစက်အနားယူခွင့်ရပါတယ်။ အလွန်ကြီးမားတဲ့ မေတ္တာ၊ စေတနာ နဲ့ဆောင်ရွက်တော်မူခဲ့တာပါ။

သက်တော်ရှည်တဲ့တခြားဘုရားရှင်တွေက ပရိနိဗ္ဗာန် ဝင်စံတဲ့အခါ သာသနာကိုတခါတည်းရုပ်သိမ်းသွားတော်မူပါတယ်။ အသက် (၂၀,၀၀၀) တန်းမှာပွင့်တဲ့ ကဿပ ဘုရားရှင် ပရိနိဗ္ဗာန်စံတာနဲ့ သာသနာလဲကွယ်သွားတာပါပဲ။ သာသနာ ကွယ်တယ်ဆိုတာ မဂ်၊ဖိုလ် ရကြောင်း ဝိပဿနာ တရားကိုဟောပြောပြသသူမရှိတော့တာကိုဆိုလိုတာပါ။ ဂေါတမ ဘုရားရှင်ကတော့ အသက်တရာတန်းမှာ ပွင့်ရတော့ ချေချွတ် ရမဲ့ဝေနေယျ တွေအများကြီးကျန်နေလို့ အဲဒီကျန်တဲ့ ဝေနေယျ တွေ မဂ်၊ဖိုလ် ရနိုင်ဖို့သာသနာ အနှစ်(၅၀၀၀)ထားတော်မူခဲ့ပါတယ်။ အဲဒါ ကြီးမားတဲ့ ဗုဒ္ဓ ရဲ့ မေတ္တာ၊ ဂရုဏာ ပါ။

သက်တော်ရှည်တဲ့ ကဿပ မြတ်စွာဘုရားဟာ ဓါတ်တော်ကို တလုံးတည်း၊ တခဲတည်း ပဲ ထားတော်မူခဲ့ပါတယ်။ သက်တော်တိုတဲ့ ဂေါတမ ဘုရားရှင်ကတော့ နောင်တချိန်မှာ ငါ့ ဓါတ်

တော်တွေကို ဖူးတွေ့ပြီး ဝိပဿနာတရားကို အားထုတ်ဖြစ်ကြပါစေ ဆိုတဲ့ ကြီးမားတဲ့မေတ္တာ၊ စေတနာနဲ့ ဓါတ်တော်တွေကို အစိတ်စိတ် အမွှာမွှာ ဖြစ်အောင် အဓိဋ္ဌာန် တော်မူခဲ့ပါတယ်။

ဗုဒ္ဓ ဘုရားရှင် ပရိနိဗ္ဗာန် စံခါနီး နောက်ဆုံးအချိန်မှာ"ချစ်သား၊ချစ်သမီး တို့၊ ငါ ဘုရားနောက် ဆုံး စကားမှာကြားခဲ့မယ်။ ရုပ်၊နာမ် ခန္ဓာ သင်္ခါရတရား တို့သည် ပျက်စီးခြင်းသဘောရှိကုန်၏။ မမေ့ မလျော့သောဝိပဿနာ သတိတရား တို့ဖြင့် စောင့်ကြည့်နေရစ်ကြ" လို့ မှာကြားခဲ့ပါတယ်။ လိုရင်းကတော့ ခန္ဓာ(၅)ပါးရဲ့ ဖြစ်၊ပျက် ကိုဝိပဿနာ ရှုနေရစ်ကြလို့မှာတာပါ။ မိမိတို့ရဲ့ တဘဝ တာကျေးဇူးရှင် ဖြစ်တဲ့ မိဘများ သေခါနီး မှာတဲ့စကားကို သားသမီးများလိုက်နာကြရပါတယ်။ သေခါနီးမှာတယ်ဆိုတာ အလွန်အရေးကြီးလို့မှာတာပါ။ ဗုဒ္ဓ ဘုရားရှင် ဟာငါတို့တွေရဲ့ သံသရာ တလျှောက် ကျေးဇူးရှင်ပါ။ တဘဝ တာကျေးဇူးရှင် ဖြစ်တဲ့ မိဘများ သေခါနီး မှာတဲ့စကားကို တောင် တစ်သွေမတိမ်း လိုက်နာခဲ့ရင် သံသရာ တလျှောက် ကျေးဇူးရှင် ဖြစ်တဲ့ ဗုဒ္ဓ ဘုရားရှင် ရဲ့စကားကို ပိုလို့တောင် လိုက်နာ ကျင့်ကြံသင့်ပါတယ်။ မြတ်စွာဘုရားရှင်ရဲ့ ကျေးဇူးတော်တွေ ကိုဆပ်သောအားဖြင့်၊ ဝိပဿနာ တရားကို၊ အချိန်တိုင်း နေစဉ်တိုင်း၊ မှာ ရှုပွါးသင့်၊အားထုတ်သင့်ပါတယ်။ ဒါဟာ မြတ်စွာဘုရားရှင် ကို အကောင်းဆုံးနည်းနဲ့ ပူဇော် ခြင်းပဲ မဟုတ်ပါလား.....သူငယ်ချင်းရေ။

စီစီချိုသန်း
ဧပြီလ(၁)ရက်၊၂၀၀၉